## ကရင်အမျိုးသမီးအစည်းအရုံး
## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ မတ်လ ၈ ရက်၊ ၂၀၁၉ သဘောထားထုတ်ပြန်ချက်

## "သတ္တိရှိစွာ ထုတ်ဖော်ပြောဆိုရေး နှင့် အပြစ်ဒဏ်မှကင်းလွတ်နေခြင်းများ ယခုချက်ခြင်းပင် အဆုံးသတ်ရေး"

ယခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့သည် နှစ်ပေါင်း ၁၀၈ နှစ် တိုင်တိုင်ကျင်းပခဲ့သည့် အထိမ်းအမှတ်နေ့တစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးများ၏ အောင်မြင်မှုများနှင့် တိုးတက်မှုများအပေါ် ချီးကျူးဂုဏ်ပြုမှုများကို ပြန် လည်သတိရရန် အလွန်ပင်အရေးကြီးပါသည်။ ထို့အတူပင် ကရင်အမျိုးသမီးအစည်းအရုံးသည် ယုံကြည်ရာ ကိုဆက် လက်လုပ်ဆောင်သွားရန်နှင့် မိမိတို့ရင်ဆိုင်ရမည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်မှာလည်းထပ်တူ အရေးကြီး လှပါသည်။

ကျွန်ုပ်တို့လျှောက်လှမ်းခဲ့ကျသည့်ခရီး အတော်ပေါက်ခဲ့ပြီဖြစ်သည်။ ဆက်လက်ပြီး ရှည်လျားသည့်ခရီးလမ်းကို လျှောက်လှမ်းရဦးမည်မှာ ဝမ်းနည်းစရာပင်ဖြစ်သော်လည်း ဖြတ်သန်းသွားလာရန် မဖြစ်နိုင်သည့်လမ်းလည်း မဟုတ်ပါ။ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာ)၏ ယခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ " တရားမျှတမှုရရှိရေးအပြစ်ဒဏ်ကင်းလွတ်ခွင့်များရပ်တန့်ပေး" ဖြစ်ပြီး နိုင်ငံတကာဆောင်ပုဒ်မှာ " လူမှုဘဝလှပဖို့ ဟန်ချက်ညီညီ လုပ်ဆောင်စို့" တို့ဖြစ်ပါသည်။ တရားမျှတမှုရရှိစေရေးအတွက် အရေးကြီး လိုအပ်ချက်များကို လုပ်ဆောင်ရန်နှင့် မြန်မာစစ်တပ်၏ ရက်စက်ယုတ်မာမှုများကို ကျူးလွန်ရန် အခွင့်လမ်းပေးနေသော အပြစ်ဒဏ်မှကင်းလွတ်နေခြင်းတွေကို အဆုံးသတ် ရန်လည်း ကျွန်ုပ်တို့ အားပေးထောက်ခံပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် အမျိုးသမီးများ မိမိတို့နှင့်ထိုက်တန်သောနေရာတွင် ရရှိနေသင့်သည်မှာလည်းအချိန်ကြာနေပြီဖြစ်ကြောင်းနှင့် နေရာအနံ့တွင် ဟန်ချက်ညီညီ ကိုယ်စားပြုခြင်း ရှိရန်လိုအပ်ကြောင်း သိရှိပါသည်။ ကျွန်ုပ်တို့ ၎င်းရည်မှန်းချက်ပြည့်မီလာခဲ့လျှင် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးတစ်ခုဖြစ်လာမည်မလွဲပေ။

ကရင်အမျိုးသမီးအစည်းအရုံးသည် ယခုနှစ် အမေရိကန်ပြည်ထောင်စုမှ " အပြည်ပြည်ဆိုင်ရာအမျိုးသမီးများ၏ သတ္တိစွမ်းဆောင်ရည်ဆု"ကို ချီးမြှင့်ပေးအပ်ခြင်းခံရသည့်အတွက် အလွန်ပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ယခုကဲ့သို့ချီးမြှင့်ခံ ရသည်မှာလည်း ကျွန်ုပ်တို့အဖွဲ့စည်း၏ ပြည်သူများအပေါ် မြန်မာစစ်တပ်၏အကြမ်းဖက်မှုများရပ်တန့်ရန် ရပ်တည်ဆောင်ရွက်မှု၊ ရိုဟင်ဂျာအရေးအကြမ်းဖက်မှုအပေါ်တွင် သဘောထားဖော်ထုတ်ပြောဆိုမှု၊ နှင့် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်မှု ပဋိပက္ခအားဆန့်ကျင်သည့် သဘောထားဖော်ထုတ်ပြောဆိုမှု တို့အတွက် ချီးမြှင့် ခံရခြင်းဖြစ်ပါသည်။ မြန်မာတစ်ဝှမ်းရှိ အမျိုးသမီးများနှင့် မိမိတို့ ပတ်ဝန်းကျင်အတွင်းရှိနေသော အမျိုးသမီးများ အပေါ်ဆန့်ကျင်သည့် လုပ်ရပ်များအတွက် ခံစားနေရမှုများအပေါ် အမှန်တရားဘက်မှ ရပ်တည်ပြောဆိုနိုင်ရန် မည်သို့ခက်ခဲလှကြောင်း သိရှိပါသည်။ စစ်တပ်၏ရက်စက်ကြမ်းကြုပ်မှုများကိုခံစားနေရသောသူများ၏ ရဲဝံ့စွာ ပြောဆိုဖော်ထုတ်မှုများမရှိဘဲ အပြစ်ဒဏ်မှကင်းလွတ်နေသောလုပ်ရပ်များကို ဟန့်တားနိုင်ခြင်းနှင့် တရားမျှတမှု ရရှိအောင်ဆောင်ရွက်ခြင်းတို့ကို ၎င်းတို့ခံနေရသောပြစ်မှုများကို မြင်တွေ့နေလျက် ခံစားနေရသူတို့ကို စာနာသောကျွန်ုပ်တို့ အနေနှင့် မဆောင် ရွက် နိုင်ကြောင်းကိုလည်း သိရှိပါသည်။ အမျိုးသမီးများအနေဖြင့် မတရားမှုများအတွက် နေရာတိုင်းတွင် ရဲဝံ့စွာ ထုတ် ဖော် ပြောဆိုနိုင်ရန်မှာ အလွန်ပင်အရေးပါလှပါသည်။ ထို့အတွက်ကြောင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ကျွန်ုပ်တို့ဆောင်ပုဒ်မှာ သတ္တိရှိစွာထုတ်ဖော်ပြောဆိုနိုင်ရေးနှင့် အပြစ်ဒဏ်မှကင်းလွတ်နေခြင်း တွေ ယခုပင်အဆုံးသတ်နိုင် ရေး ဖြစ်ပါသည်။

မြန်မာပြည်တွင် မတရားမှုများနှင့် အပြစ်ဒဏ်မှကင်းလွတ်နေခြင်းများအတွက် သတ္တိရှိစွာ ထုတ်ဖော်ပြော ဆိုရန် လို အပ်ပါသည်။ မြန်မာစစ်တပ်သည် လူမှုရေး၊ စီးပွားရေး နှင့် နိုင်ငံရေးများတွင် ကြီးမားသောအာဏာကို ကိုင်စွဲလျက်ရှိသည်။

ကျွန်ုပ်တို့ဘဝကဏ္ဍပေါင်းစုံနီးပါးကို ၄င်းတို့မှ အာဏာလွှမ်းမိုးမှုချုပ်ကိုင်မှုများ ကြီးမားစွာရှိနေပါသည်။ ၄င်းတို့၏ အပြုအမူနှင့် အာဏာပါဝါများကြောင့်ကျွန်ုပ်တို့သည် ကြောက်စိတ်များဖြင့်ရှင်သန်နေရသည်။ ၄င်းကြောက်စိတ်များကိုဖယ်ရှားပြီး အမျိုးသမီးများသည် လူမှုပတ်ဝန်းကျင်တွင်ခေါင်းဆောင်မှုဆိုင်ရာ၊ နိုင်ငံရေး၊ နှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဆိုင်ရာ ကဏ္ဍတို့တွင် မိမိတို့၏ ညီမျှစွာ ဦးဆောင်ပါဝင်နိုင်ရန် တောင်းဆိုရဲသည့်သတ္တိရှိရမည် ဖြစ်သည်။မိမိတို့နှင့်ကလေးများတွက် မိမိတို့၏သတ္တိများကို လှုံ့ဆော်လျက် စစ်တပ်၏အပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းများကို စိန်ခေါ်ရန်လိုအပ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသဘောအရ မြန်မာစစ်တပ်သည် ဥပဒေနှင့် ပြည်သူတို့အထက်တွင်ရှိအောင်လုပ်ဆောင်နေခြင်းကို ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆို လုပ်ဆောင်ရမည်ဖြစ်သည်။ မိမိတို့ဆန္ဒထုတ်ဖော်မပြောနိုင်သောသူတို့ဘက်မှ ရပ်တည်ပြောဆိုရန် ကျွန်ုပ်တို့သတ္တိကိုလှုံ့ ဆော်ရန်လိုအပ်ပြီး တရားမျှတမှုအတွက် တောင်းဆိုရန်လည်း ရဲဝံ့သော သတ္တိရှိဖို့ရန်လိုအပ်ပါသည်။

လွန်ခဲ့သောနှစ်တွင် ကျွန်ုပ်တို့အနီးပတ်ဝန်းကျင်တွင် ရဲစွမ်းသတ္တိများကို တွေ့မြင်ခဲ့ရပါသည်။ ကရင်၊ ကချင်၊ ကရင်နီ လူငယ်များတို့သည် အခြားသောသူတို့ထက် မိမိတို့ကိုယ်ပိုင်ရပ်တည်မှု နှင့် ရာဇဝင်သမိုင်းများကို ဂုဏ်ပြုချီးမြှင့်ရန် နှင့် မိမိတို့လူမျိုး၊ မိမိတို့မြေအတွက် ရပ်တည်ဆောင်ရွက်သော သတ္တိများကိုတွေ့ရှိခဲ့ရပါသည်။ မြန်မာနိုင်ငံ လွှတ်တော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲရန် တောင်းဆိုမှုများကိုလည်း တွေ့ရှိခဲ့ရပါသည်။ မိမိတို့၏မြေယာ များ သိမ်းခံရခြင်းအပေါ် ရဲဝံ့စွာ ပြန်လည်ပြောဆို တောင်းယူနိုင်ခဲ့သောသူများ၏သတ္တိကိုလည်းမြင်တွေ့ ခဲ့ရပါသည်။ တိုင်းရင်းသားလူမျိုးစုတို့၏ ထုတ်ဖော်ပြောဆိုမှုများတွင် ထောက်ခံအားပေးသောမြို့နေလူထု၏ သတ္တိကိုလည်း မြင်တွေ့ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ထိုသို့သောသတ္တိရှိရဲဝံ့သူများကို လိုအပ်ပါသည်။ မိမိတို့အတွက်ဘဲထုတ်ဖော်ပြောဆိုနေခြင်းမဟုတ်ဘဲ မိမိတို့တန်ဖိုးထားမှုများ၊ အခြေခံသဘောတရားများနှင့် ဆန့်ကျင်စွာ ပြုမူခံရသူများအတွက်ပါ ထုတ်ဖော်ပြော ဆိုရန် လို ပါသည်။ ကရင်အမျိုးသမီးအစည်းအရုံးအနေဖြင့် မြန်မာပြည်ရှိ အမျိုးသမီးများ ကို အမှန်တရားတွက် ရပ်တည် လုပ်ဆောင်ဖို့ရန် လိုအပ်နေချိန်တွင် ကြောက်ရွံ့နေသော်လည်းဘဲ ထုတ်ဖော်ပြောဆိုရန် တိုက်တွန်းလိုက်ပါသည်။ တစ်ဦး တစ်ယောက်တည်း ရပ်တည်နေရန်မသင့်ပါ ထို့အတွက် ကျွန်ုပ်တို့အတူတကွ လုပ်ဆောင်ရပါမည်။ ကြောက်စိတ်သည် အရာများစွာကို နှောင့်နှေးစေသည် သို့သော် ရှေ့သို့လှမ်းကာဆက်လျှောက်ခြင်း ဖြင့် ကျွန်ုပ်တို့ လွတ် မြောက်ခြင်း ကို ရရှိနိုင်ပါသည်။

ကရင်အမျိုးသမီးများအစည်းအရုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အနေဖြင့် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်း နှင့် မြန်မာနိုင်ငံ၏ ကရင်ပြည်နယ်ရှိ နေရာ ၁၅နေရာတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ အောင်မြင်မှုများကို မီးမောင်းထိုးပြသမည်ဖြစ်ပြီး မြန်မာစစ်တပ်၏ ပြစ်ဒဏ်မှကင်းလွတ်နေခြင်းတွေ အဆုံးသတ်ရန် ထုတ်ဖော် ပြောဆိုဖို့သတ္တိအားထားရှိရန် ပြန်လည်ခိုင်မာအောင် ပြုလုပ်မည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုနှင့် အားပေးမှုကို ပြသမည့်အနေဖြင့် မည်သည့်နေရာတွင် ရှိနေပါစေ ကျွန်ုပ်တို့ ကရင်အမျိုးသမီးအစည်းအရုံးတို့နှင့်အတူ မိမိ၏ စည်း လုံး ညီညွတ်မှုနှင့် အားပေးထောက်ခံမှုကို လာရောက်၍ ပြသရန် မျော်လင့်ပါသည်။

ကရင်အမျိုးသမီးများအစည်းအရုံး : kwocentral@gmail.com